စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# အမတဂါမိနီ တရားတော်

စစ်ကိုင်းတောင်ရိုး
မြွေဟင်္သာဆရာတော်
အရှင်ပဏ္ဍိတထေရ်

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

အမတဂါမိနီ တရားတော်၊ ရွှေဟင်္သာဆရာတော်
စာမျက်နှာ ၇၅++ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ စက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၄၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်ထုတ် ပထမအကြိမ်မူ

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– နိဒါန်း (၁)

– တိုက်တွန်းခြင်း (၃)

**ပဏ္ဏာမာဒိကထာ**

၁။ အပြစ်မြင်မှ လွတ်မြောက်လိုမည် ၅

၂။ အန္ဓပုထုဇဉ်နှင့် ကလျာဏပုထုဇဉ် ၁၀

**နာမရူပ ပရိစ္ဆေဒဉာဏ်**

၃။ ရူပက္ခန္ဓာ ၁၀

အာရုံရုပ် ၇ ပါး ၁၀

ပသာဒရုပ် ၅ ပါး ၁၂

ဝဏ္ဏုရုပ် ၅ ပါး ၁၂

ဩဠာရိကရုပ် ၁၂ ပါး ၁၃

သဘာဝရုပ် } နိပ္ဖန္နရုပ် } ၁၈ ပါး ၁၄

ဝိကာရရုပ် ၅ ပါး ၁၄

လက္ခဏာရုပ် ၄ ပါး ၁၄

အနိပ္ဖန္နရုပ် ၁၀ ပါး ၁၄

၄။ ဝေဒနာက္ခန္ဓာ ၁၅

၅။ သညာက္ခန္ဓာ ၁၇


mgyoe.com

mgyoe.com

၆။ သင်္ခါရက္ခန္ဓာ ၁၇
သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၁၈
ပကိဏ္ဏကစေတသိက် ၁၉
အညသမာန စေတသိက် ၂၀
အကုသိုလ်စေတသိက် ၂၀
သောဘဏသာဓာရဏ စေတသိက် ၂၂
ဝိရတီ စေတသိက် ၂၅
အပ္ပမညာ စေတသိက် ၂၅
ပညိန္ဒြေစေတသိက် ၂၆
၇။ သဘာဝတရားတို့ကို သိရှိကြ၍ ဝမ်းမြောက်ဖွယ်ကောင်းခြင်း ၂၇
၈။ ဝိညာဏက္ခန္ဓာ ၂၈
၉။ ရုပ်နာမ်မှတစ်ပါး ဘာမျှမရှိခြင်း ၃၀
ခန္ဓာငါးပါးကို ခွဲပြရခြင်းအကြောင်း ၃၂
၁၀။ နာမရူပပရိစ္ဆေဒဉာဏ်ကို ရခြင်း ၃၂
၁၁။ အာယတန ၁၂ ပါး ၃၃
၁၂။ ဓာတ် ၁၈ ပါး ၃၄
၁၃။ နိဗ္ဗာန်သည် ခန္ဓာမှလွတ်ခြင်း ၃၅
၁၄။ သက္ကာယဒိဋ္ဌိ ၃၅

## ပစ္စယပရိဂ္ဂဟဉာဏ်

၁၅။ အကြောင်းတရားရှာဖွေရခြင်း ၄၀
၁၆။ နာမ်ဖြစ်ကြောင်းများ ၄၂
၁၇။ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ရုပ်နာမ်ဖြစ်ကြောင်း ၄၃
၁၈။ တစ်နည်း နာမ်ရုပ်တို့ဖြစ်ကြောင်း ၄၄
၁၉။ အိမ်ကြီးဥပမာ ၄၆
၂၀။ ပညတ်သည် သဘာဝတရားသား ကင်းပုံ ၄၇

## ပရိညာဉာဏ်

၂၁။ ဉာတပရိညာ ဉာဏ် ၄၉

mgyoe.com

mgyoe.com
၂၂။ တီရဏပရိညာ ဉာဏ် ၅၀
၂၃။ ရူပက္ခန္ဓာ၌ အနိစ္စာနုပဿနာဉာဏ်ဖြင့် ရှုခြင်း ၅၀
၂၄။ ရူပက္ခန္ဓာ၌ ဒုက္ခာနုပဿနာဉာဏ်ဖြင့် ရှုခြင်း ၅၁
၂၅။ ရူပက္ခန္ဓာ၌ အနတ္တာနုပဿနာဉာဏ်ဖြင့် ရှုခြင်း ၅၃
၂၆။ ဝေဒနာက္ခန္ဓာ၌ အနိစ္စာနုပဿနာဉာဏ်ဖြင့် ရှုခြင်း ၅၄
၂၇။ ဝေဒနာက္ခန္ဓာ၌ ဒုက္ခာနုပဿနာဉာဏ်ဖြင့် ရှုခြင်း ၅၅
၂၈။ ဝေဒနာက္ခန္ဓာ၌ အနတ္တာနုပဿနာဉာဏ်ဖြင့် ရှုခြင်း ၅၅
၂၉။ ဝိညာဏက္ခန္ဓာ၌ လက္ခဏာသုံးပါးဖြင့် ရှုခြင်း ၅၆
၃၀။ ပဟာနပရိညာ ဉာဏ် ၅၇
၃၁။ ဉာဏ် ၁၀ ပါးကို အကျဉ်းပြခြင်း ၆၁
၃၂။ သေမင်းလက်နက်တွေ ပေါ်များပုံ ၆၃
၃၃။ ဝိပဿနာဆောင်ပုဒ် ၆၅

## နိဗ္ဗာန် ချမ်းသာ

၃၄။ ရဟန္တာပုဂ္ဂိုလ်များ မျက်မှောက်ဘဝ၌ရရှိသော
ချမ်းသာ ၄ ပါး၊ ၂ မျိုး ၆၈
၃၅။ နိဂုံး ၇၅

* * *

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်၏ ပုံတော်
သက်တော် (၈၁)



၁၃၃၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့ ရိုက်ကူးသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



### စစ်ကိုင်းတောင်ရိုး

## ရွှေဟင်္သာဆရာတော် အတ္ထုပ္ပတ္တိအကျဉ်း

ရွှေဟင်္သာဆရာတော် အရှင် ဘဒ္ဒန္တပဏ္ဍိတသိရီသည် ဟင်္သာတခရိုင် လေးမျက်နှာမြို့၊ ခမည်းတော် ဦးကျောက်စိန်း၊ မယ်တော် ဒေါ်ရွှေ သော့တို့မှ သက္ကရာဇ် ၁၂၅၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ကြာသ ပတေးနေ့တွင် ဖွားမြင်တော်မူသည်။ ၁၂၆၉ ခု၊ (အသက် ၁၄ နှစ်) တွင် လေးမျက်နှာမြို့၊ မိကျောင်းရဲကျောင်း ဆရာတော်ထံ၌ ရှင် သာမဏေအဖြစ်ကို ခံယူပြီးနောက် ၁၂၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတိုက် ခဏ္ဍသိမ်တော်၌ (ရန်ကုန်မြို့၊ ဗဟန်း) ကျောင်းတော်ရာတိုက် ရွှေကျင်ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်ကို ရောက်ရှိတော်မူသည်။

ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး နှင့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် စံကျောင်းဆရာတော် စသည်တို့ထံတွင်လည်းကောင်း၊ ၁၂၇၉ ခုနှစ်တွင် မန္တလေးမြို့သို့ ကြွ ရောက်တော်မူလျက် ငါးဆူတိုက်နှင့် ပတ်ဝန်းကျင် စာသင်တိုက်ကြီး များတွင်လည်းကောင်း၊ ဂန္ထန္တရအရပ်ရပ်ကို နှံ့စပ်အောင် ဆည်းပူး လေ့လာ သင်ကြားတော်မူခဲ့သည်။ ထို့နောက် ဆရာတော်သည် တပည့်အဆက်ဆက်တို့အား အခြေခံကျမ်းစာများနှင့်တကွ အဋ္ဌကထာ

mgyoe.com

mgyoe.com



ဋီကာစသော ကျမ်းကြီးများကို ယနေ့တိုင်အောင် ပို့ချသင်ပြပေးတော်မူလျက် စာပေနှင့် သာသနာတော်အတွက် ကျေးဇူးများလှသော အောက်ပါကျမ်းစာများကို ရေးသားပြုစုတော်မူခဲ့ပါသည်။

၁။ ဘုန်းတော်ဖွင့် ထေရုပ္ပတ္တိ (၁၉၁၆ ခုနှစ်)

၂။ ထွင့်ခေါင်ဆရာတော်အကြောင်း (၁၉၂၈ ခုနှစ်) နှစ်ကြိမ်ရိုက်ပြီး။

၃။ ဟိစပနနိပါတတ္ထဒီပနီ (၁၉၄၀ ပြည့်နှစ်)

၄။ မင်္ဂလသုတ်လက်စွဲ (၁၉၅၀ ပြည့်နှစ်) ကိုးကြိမ်ရိုက်ပြီး။

၅။ ရှေ့သွားမင်္ဂလာ (၁၉၅၀ ပြည့်နှစ်)

၆။ ဥပုသ်သည်လက်စွဲ (၁၉၅၄ ခု) အကြိမ်ကြိမ်ရိုက်ပြီး။

၇။ ရွှေဟင်္သာတောရတိုက်သမိုင်း (၁၉၅၄ ခုနှစ်)

၈။ စာဏကျနီတိ (၁၉၅၅ ခုနှစ်)

၉။ ပရာဘဝသုတ် မြန်မာဋီကာ (၁၉၅၅ ခုနှစ်)

၁၀။ မေတ္တာသုတ် မြန်မာဋီကာ (၁၉၅၅ ခုနှစ်) အကြိမ်ကြိမ်ရိုက်ပြီး။

၁၁။ မြန်မာအလင်္ကာကျမ်း (၁၉၅၅ ခုနှစ်) တက္ကသိုလ်ကျောင်းသုံး အကြိမ်ကြိမ်ရိုက်ပြီး။

၁၂။ ဝိနယမဟာဝဂ္ဂပါဠိတော် ဘာသာပြန် (အခိပ္ပာယ်ရှင်းလင်းချက်နှင့် အကျယ်) (၁၉၆၀ ပြည့်နှစ်)။

၁၃။ ရွှေကျင်နိကာယ သာသနာဝင်ကျမ်းကြီး (၁၉၆၃ ခုနှစ်) နှစ်ကြိမ်ရိုက်ပြီး။

၁၄။ ယုဝေါဝါဒ ဆုံးမစာ (၁၉၆၄ ခုနှစ်)

၁၅။ ဂရုဓမ္မဝတ္ထု (၁၉၆၅ ခုနှစ်)

၁၆။ ပဒေသာ ဆုံးမစာများ (၁၉၇၁ ခုနှစ်) နှစ်ကြိမ်ရိုက်ပြီး။

၁၇။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ဘုရား၏ ကျမ်းစာများ (၁၉၇၂ ခုနှစ်)

mgyoe.com

mgyoe.com



၁၈။ လူမင်း၊ နတ်မင်း ဦးညွှတ်ခြင်း (၁၉၇၂ ခုနှစ်)

၁၉။ သာသနာရေးတရားတော် (၁၉၇၃ ခုနှစ်) နှစ်ကြိမ်ရိုက်ပြီး။

၂၀။ ကာယာနုပဿနာကျမ်း (၁၉၇၃ ခုနှစ်)

၂၁။ အမတဂါမိနီ (၁၉၇၄ ခုနှစ်)

၁၃၂၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ကပ်လှူခြင်းကို ခံယူရရှိတော်မူပါသည်။ ယခုအခါ ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ်၌ သီတင်းသုံးနေထိုင်တော်မူလျက် တပည့်သံဃာများအား စာပေပို့ချခြင်း၊ သာသနာတော်၌ အကျိုးများမည့် ကျမ်းစာများ ရေးသားပြုစုခြင်းဟူသော ဂန္ထဓုရလုပ်ငန်းအပြင် ဝိပဿနာဓုရလုပ်ငန်းများကိုပါ ကြိုးပမ်းအားထုတ်တော်မူခဲ့သည်။ ။

mgyoe.com

mgyoe.com



## ကျေးဇူးတင်ပါ၏

ကျွန်တော်သည် ရွှေဟသာ်ဆရာတော်ဘုရားကြီး ရေးသားချီးမြှင့်သော ကာယာနုပဿနာအမည်ရှိ ကျမ်းစာကို ၁၉၇၃ ခုနှစ်၊ ဇူလိုင်လအတွင်းက ဓမ္မမိတ်ဆွေများ၏ အကူအညီဖြင့် အုပ်ရေ ၃၀၀၀ မျှကို ဓမ္မဒါနအဖြစ် ပုံနှိပ်ဖြန့်ဖြူးခဲ့ပါသည်။ ထိုစဉ်အခါက လှူဒါန်းရန် စာရင်းပေးသွင်းကြသည့် အုပ်ရေမှာ ၅၀၀၀ ကျော်မျှ ရှိခဲ့သော်လည်း အုပ်ရေ ၃၀၀၀ မျှသာ ရိုက်နှိပ်ဖြန့်ဖြူးနိုင်ခဲ့လျက် နောက်ထပ် လှူဒါန်းလိုသည့် ပုဂ္ဂိုလ်များလည်း အများအပြား ပေါ်ပေါက်လာသဖြင့် အလှူရှင်များ၏ ဆန္ဒပြည့်ဝစေခြင်းငှာ အစိုးရ၏ စည်းမျဉ်းသတ်မှတ်ချက်နှင့်အညီ ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ဝေနိုင်ရန် ကြိုးစားမည်ဖြစ်ပါသည်။

၁၃၃၅ ခု၊ ဝါခေါင်လပြည့်ကျော် ၈ ရက် (၂၁–၈–၇၃) နေ့ နံနက်ပိုင်းတွင် ကျွန်တော်သည် စစ်ကိုင်း (နန်းတော်ရာ) ဦးမြိုင်၊ ရွာထောင် ဦးဘရှင်တို့နှင့်အတူ စစ်ကိုင်းတောင်ရိုး ရွှေဟသာ်တိုက်သစ်သို့ သွားရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ကြပါသည်။ နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း လမ်းညွှန်သဖွယ်ဖြစ်မည့် ကိုယ်တွေ့ဝိပဿနာကျမ်းတစ်စောင်ကို ရေးသားပြုစုလျက်ရှိကြောင်း၊ ထိုစဉ်အခါက အာလာပ သလ္လာပ စကားများ ပြောကြား

mgyoe.com

mgyoe.com



ရင်း ဆရာတော်ဘုရားကြီးက အမိန့်ရှိလိုက်ပါသည်။ တောင်ရိုးမှ ပြန်လာကြပြီးနောက် ဦးမြိုင်နှင့် ဦးဘရှင်တို့အား ကာယာနုပဿနာ စာအုပ် ပုံနှိပ်ဖြန့်ဝေစဉ်က လက်ကျန်ငွေ အပိုများ ရှိနေကြောင်း၊ ထိုလက်ကျန်ငွေအပိုကို အရင်းတည်လျက် ယခု ဆရာတော်ဘုရားကြီး ရေးသားပြုစုဆဲ ကျမ်းစာကို စုပေါင်းရိုက်နှိပ်ပြီး ဓမ္မဒါနပြုကြရလျှင် ကောင်းမည်ဖြစ်ကြောင်း အကြံပေးတင်ပြပါသည်။ ထိုပုဂ္ဂိုလ်များကလည်း ဝမ်းမြောက်စွာဖြင့် သဘောတူညီကြပါသည်။ ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် ရက်များမကြာမီပင် ဆရာတော်ဘုရားကြီး ရေးသားဆဲ ကျမ်းစာ ပြီးစီးသွားပါက ချီးမြှင့်ပေးသနားတော်မူပါရန်နှင့် အလှူရှင်အများ စုပေါင်း၍ ဓမ္မဒါန ပြုကြမည်ဖြစ်ပါကြောင်း ဆရာတော်ဘုရားကြီးထံ စာဖြင့် ရေးသား လျှောက်ထားလိုက်ပါသည်။ ၁၉၇၃ ခု၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဆရာတော်ဘုရားကြီး၏ လက်ရေးစာမူကို ကျွန်တော် လက်ခံရရှိပါသည်။ အမတဂါမိနီဟူသော ကျမ်းစာခေါင်းစီးကို တွေ့မြင်ဖတ်ရှုလိုက်ရသည်နှင့် တစ်ပြိုင်နက် အမတနိဗ္ဗာန်သို့ ပို့ဆောင်နိုင်မည့် လုပ်ငန်းတစ်ရပ်ကို ကျွန်တော်နှင့်တကွ ဓမ္မမိတ်ဆွေအား ကြိုးပမ်းဆောင်ရွက်ခွင့် ရပေပြီဟု ဝမ်းမြောက်ဝမ်းသာဖြင့် သောမနဿ ကုသိုလ်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်ခဲ့ရပါသည်။ ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ မေတ္တာကျေးဇူးတော်သည် စာအုပ် (ဓမ္မဒါန) အလှူရှင်များနှင့်တကွ ဖတ်ရှုလေ့လာသူ၊ ကျင့်ကြံအားထုတ်သူများအဖို့ ကြီးမားလှပါပေစွ။

အမတန္တဒေါစ သော ဟောတိ၊
ယော ဓမ္မ မနုသာသတိ။ ။

အကြင်သူသည် ဝဋ်မှ ကင်းလွတ်ရာဖြစ်သော တရားတော်အားထုတ်နည်း၊ လေ့ကျင့်နည်းများကို နားမလည်သည်ကို နားလည်အောင်၊ မတတ်သည်ကို တတ်အောင် အမျိုးမျိုးသော နည်းတို့ဖြင့် လမ်းညွှန်သင်ပြ ဟောပြဖြန့်ဖြူးပေးခြင်းသည် အမြိုက်နိဗ္ဗာန်ကို ပေး

mgyoe.com

mgyoe.com



လှူသည်မည်၏။

(သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်၊ အာဒိတ္တဝဂ်၊ ကိံဒဒသုတ်)

ဤပါဠိတော်ကိုထောက်၍ ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ ကာယာနုပဿနာကျမ်းနှင့် နောက်ဆက်တွဲဖြစ်သော အမတဂါမိနီ ကျမ်းတို့ကို ဓမ္မဒါနအဖြစ် ပုံနှိပ်ဖြန့်ဝေ လှူဒါန်းရခြင်းသည် ဓမ္မဒါန အလှူရှင်အပေါင်းတို့အတွက် အမြတ်ဆုံးသော အမြိုက်နိဗ္ဗာန်အလှူ ကြီးကို ပေးလှူရာရောက်ကြောင်း ထင်ရှားပါသည်။ ထိုကဲ့သို့ နိဗ္ဗာန် အလှူတော်ကြီး ဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင်ကြသော ဓမ္မ ဒါနအလှူရှင်အပေါင်းတို့အားလည်းကောင်း၊ ဝိုင်းဝန်းကူညီ ဆောင် ရွက်ပေးကြသော အမြို့မြို့မှ ဓမ္မမိတ်ဆွေအပေါင်းတို့အားလည်း ကောင်း၊ ပုံနှိပ်လုပ်ငန်းအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြသော 'ဟံသာဝတီ' ပါဠိဆရာကြီး ဦးခင်စိုးနှင့် အဖွဲ့သားများအားလည်း ကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါ သတည်း။ ။

စေတနာ့ဝန်ထမ်းဆောင်ရွက်သူ
**(ဓမ္မဃောသက) ဦးမောင်မောင်**
၃၂၊ မဟာသုခလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

၁၉၇၃ ခု၊ ဒီဇင်ဘာလ ၂၉ ရက်။

mgyoe.com

mgyoe.com

# နိဒါန်း

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။ ။

အကြင်ပုဂ္ဂိုလ်သည် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မရှုမမြင်မူ၍ အနှစ်တစ်ရာ အသက်ရှည်သော်လည်း ကောင်းမြတ်သော အသက်ရှည်ခြင်း မဟုတ်၊ ကောင်းမြတ်သော အသက်ရှည်ခြင်းဟု မြတ်စွာဘုရား မိန့်တော်မမူ။

အကြင်ပုဂ္ဂိုလ်သည်ကား ရုပ်နာမ်တို့၏ အဖြစ်၊ အပျက်သဘောကို ဉာဏ်ဖြင့် ရှုမြင်၏။ ထိုပုဂ္ဂိုလ်သည် တစ်ရက်မျှပင် အသက်ရှည်စေကာမူ ကောင်းမြတ်သော အသက်ရှည်ခြင်းဖြစ်၏။ ကောင်းမြတ်သော အသက်ရှည်ခြင်းဟု မြတ်စွာဘုရား မိန့်တော်မူသည်။

ကိသာဂေါတမီထေရီသည် ရဟန်းမဖြစ်မီက ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မရှုမမြင်ခြင်းကြောင့် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတို့ဒဏ်ကို ခံခဲ့ရသည်။ ရဟန်းဖြစ်ပြီးနောက် ပကတိသော

mgyoe.com

မီးလျှံတောက်လောင်ခြင်း၊ မီးငြိမ်းခြင်းအဖြစ်အပျက်ကို ရှုမြင်၍ အနိစ္စ လက္ခဏာတင်ကာ ဆင်ခြင်လိုက်ရလျှင်ပင် တရားထူးကို ရရှိလေသည်။

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

မိုးရွာစဉ်အခါ ရေမျက်နှာပြင်၌ ဖြစ်ပေါ်သော ရေပွက် ရေစည်ဖောင်းကလေးများ၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို ရှုမြင်ဆင်ခြင်သကဲ့သို့ လည်းကောင်း၊ ရေတွေပဟူ၍ မှတ်ထင်ရသော မြေအခိုးနှင့် နေရောင် ပေါင်းမိခြင်းကြောင့် ဖြစ်ပေါ်သော တံလှပ်ကို ရေဟူ၍ ထင်သည့် အတိုင်း ရေမဟုတ်၊ အရိပ်အယောင်မျှသာဟု အမှန်ကို ရှုမြင်သကဲ့ သို့လည်းကောင်း၊ ထို့အတူ ခန္ဓာတည်းဟူသော လောကကိုလည်း ရေပွက်အလား မမြဲသော သဘောရှိပါကလားဟူ၍ ရှုမြင် ဆင်ခြင် ရမည်။ ရုပ်နာမ်တို့၏ အပေါင်းအစုကို သူပဲ၊ ငါပဲ၊ ယောကျ်ား၊ မိန်းမပဲ စသည်ဖြင့် အလွဲအမှား ထင်မြင်နေကြခြင်းပါတကား။ စင်စစ်မူကား အကြောင်းအကျိုး ဆက်စပ်ကာ ဖြစ်ပျက်လျက်ရှိသော ရုပ်နာမ်တို့ ၏ အရိပ်အယောင်မျှပါတကားဟု အမှန်ကို အမှန်အတိုင်း ရှုမြင်ကြ ရမည်။ ယင်းသို့ ရှုမြင်သော ပုဂ္ဂိုလ်ကို သေမင်း မမြင်နိုင်ချေ။ သေ မင်းနိုင်ငံမှ လွတ်မြောက်ပေတော့သည်ဟု ဟောတော်မူသည်။

ရဟန်းတော် ငါးရာတို့သည် မိုးရွာစဉ်အခါ၌ ရေပွက် ရေမြှုပ် ရေစည်ဖောင်းကလေးတွေ ဖြစ်ပေါ်လိုက်၊ မကြာမီ ပျောက်ကွယ်သွား လိုက်နှင့် ဖြစ်ပျက်လျက်ရှိနေကြသည်ကို မြင်ကြ၍ ငါတို့၏ ရုပ်နာမ် တို့သည်လည်း ဤရေပွက်ကလေးတွေကဲ့သို့ပင် ဖြစ်ပျက်လျက်နေ ကြပါတကား၊ တံလှပ်ကို ရေဟုထင်သော သမင်ကဲ့သို့ ရုပ်နာမ်တို့ ၏အစဉ်ကို ငါပဲ သူပဲ စသည်ဖြင့် အမြင်မှောက်မှားနေကြခြင်းပါ တကားဟု ခန္ဓာကိုယ်ကို တီရဏပရိညာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ် ကြလေရာ ရဟန်းတော် ငါးရာလုံး အာသဝေါကုန်ခန်း၍ ရဟန္တာ

mgyoe.com

mgyoe.com



အဖြစ်သို့ ရောက်တော်မူကြကာ သေမင်းမမြင်ရာ သေမင်းနိုင်ငံမှ လွတ်မြောက်တော်မူကြလေကုန်ပြီ။

အသင် ယောဂီတို့သည် အသက်ရှည်သမျှ ကောင်းမြတ်သော အသက်ရှည်ခြင်းဖြစ်စေခြင်းငှာလည်းကောင်း၊ သေမင်းမမြင်ရာ သေမင်းနိုင်ငံမှ လွတ်မြောက်စေခြင်းငှာလည်းကောင်း၊ ဇာတ်, နိပါတ်, ရာဇဝင်, ဝတ္ထုပုံပြင်တို့ဖြင့် သိုင်းဝိုင်းဝေဆာစွာ အကျယ်မချဲ့မူ၍ ပရမတ္ထအစစ် ဝိပဿနာအနှစ် တရားသားသက်သက်ဖြစ်သော အမတဂါမိနီတရားတော်ကို ကျမ်းဂန်တို့နှင့်လည်း မလွဲစေမူ၍ မိမိ သဘော ထင်မြင်သောအတိုင်း ရေးသားခြင်းဖြစ်သည်။

## တိုက်တွန်းခြင်း

ချမ်းသာဟူသည်ကို လူတိုင်းပင် အလိုရှိကြသည်။ ကလေး သူငယ်များသည်ပင် ချမ်းသာကို လိုချင်ရမှန်း သိကြသည်။ နိဗ္ဗာန်၏ ချမ်းသာပုံကို၊ နိဗ္ဗာန်ချမ်းသာ၏သဘောကို သိကြမူကား သာ၍ အလို ရှိကြမည်ဟု ထင်မြင်မိသည်။ သို့သော် သိသူကား နည်းပါးလှ၏။ ဝိပဿနာတရားကို နှလုံးသွင်းဆင်ခြင်သော ပုဂ္ဂိုလ်အချို့တို့သည်သာ လျှင် အတန်အရာ မှန်းဆကာ နိဗ္ဗာန်ချမ်းသာ၏ အရသာကို သိရှိ ကြရပေမည်။ ယခုအခါ အသင်ယောဂီဖတ်ရှုအံ့သော တရားတော် သည် နိဗ္ဗာန်ချမ်းသာကို ရရှိကြောင်း၊ ရောက်ကြောင်းဖြစ်သော တရားတော်ဖြစ်ပေသည်။ **အမတဂါမိနီ** ဟူသော ကျမ်းအမည်၏ အဓိပ္ပာယ်မှာ သေခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သွားရာလမ်းဟူ၍ ဖြစ် သည်။

သေခြင်းကင်းရာဆိုသဖြင့် သေခြင်းကင်းရုံမျှသာမဟုတ်၊ နာ ခြင်းကင်းရာ၊ အိုခြင်းကင်း၊ ပဋိသန္ဓေနေခြင်း ကင်းရာလည်း ဖြစ် သည်။ ထိုစကား မှန်သည်။ ပဋိသန္ဓေနေရလျှင် ရုပ်နာမ်တွေ တစ်ဖန် ဆက်၍ဖြစ်ခြင်းဟု ဆိုအပ်သော ဇာတိကို ရရှိပြန်သည်။ ဇာတိရှိ

mgyoe.com

mgyoe.com


လျှင်၊ ဝါ– အဖြစ်ရှိလျှင် အပျက်သဘောဖြစ်သော အိုခြင်း၊ နာခြင်း၊ သေခြင်းတို့သည် မလွဲမသွေ ဧကန်ဖြစ်ကြကုန်တော့သည်။ သို့ကြောင့် သေခြင်းသဘောကင်းလျှင်၊ တစ်ဖန် သေခြင်းမရှိလျှင် ရုပ်နာမ်တို့၏ အသစ်တစ်ဖန်စ၍ဖြစ်ခြင်း ဇာတိသည်လည်း မရှိ– ကင်းတော့သည်။ ဇာတိမရှိ ဇာတိကင်းလွတ်က ဇာတိ၏ အကျိုးဆက်ဖြစ်သော ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဟူသော ဒုက္ခစဉ် ဒုက္ခတန်းကြီးသည်လည်း အလိုအလျောက် ကင်းပျောက် ငြိမ်းအေးပေတော့သည်။ ဤသို့သော ဒုက္ခအပေါင်းတို့မှ ငြိမ်းအေးရာ၊ လွတ်မြောက်ရာဖြစ်သော မသေရာ နိဗ္ဗာန်သို့သွားရာ သွားကြောင်းဟု ဆိုအပ်သော တရားသည် **အမတဂါမိနီ**တရားတော်ဖြစ်သည်။ သို့ဖြစ်၍ တစ်ဖန် မသေလို၊ မနာလို၊ မအိုလိုသော ပုဂ္ဂိုလ်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတည်းဟူသော ဒုက္ခတို့မှ ကင်းလွတ်လိုသော ပုဂ္ဂိုလ်တို့သည် **အမတဂါမိနီ** တရားတော်ကို ကြည့်ရှုလေ့လာ ပွားများကြကုန်လော့ဟူ၍ တိုက်တွန်း ညွှန်ကြားရပေသည်။ ။

ရွှေဟသ်ာဆရာတော်

mgyoe.com

mgyoe.com

# အမတဂါမိနီ တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## ပဏာမာဒိကထာ

ရိပဝေါ ဝိဇယီ တဿ၊ သတ္တာနံ ဒုက္ခဟေတဝေါ။
ဉာဏာဝုဓေန မဂ္ဂေန၊ ဇိတမာရဿ မေ နမော။ ။

ယော ဘဂဝါ–အကြင် မြတ်စွာဘုရားသည်၊ သတ္တာနံ– သတ္တဝါတို့၏၊ ဒုက္ခဟေတဝေါ– ဆင်းရဲခြင်း၏အကြောင်းဖြစ်ကုန်သော၊ ရိပဝေါ– လောဘစသော ကိလေသာရန်သူတို့ကို၊ ဉာဏာဝုဓေန– ဉာဏ်လက်နက်ဖြစ်သော၊ မဂ္ဂေန– အရဟတ္တမဂ်ဉာဏ်ဖြင့်၊ ဝိဇယီ– အခွင့်ပိုင်ပိုင် အောင်နိုင်တော်မူလေပြီ၊ ဇိတမာရဿ– အောင်နိုင်ပြီးသော ကိလေသမာရ် စသည် ရှိတော်မူသော၊ တဿ ဘဂဝတော– ထိုမြတ်စွာဘုရားအား၊ မေ– ငါ၏၊ နမော– ရှိခိုးခြင်းသည်၊ အတ္ထု– ဖြစ်ပါစေသတည်း။

ကြောက်ရွံ့ဖွယ်အပြစ်ကိုမြင်မှ လွတ်မြောက်လို

"အမတံ တေ ပရိဘုဥ္ဇန္တိ၊ ယေ ကာယဂတာသတိ ပရိဘုဥ္ဇန္တိ"

mgyoe.com

mgyoe

အကြင်ပုဂ္ဂိုလ်တို့သည် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို အား ထုတ်ကြကုန်သည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်တို့သည် မသေဆေးကို သုံးဆောင် ကြသည်မည်ကုန်၏ဟု လာရှိသည့်အတိုင်း ရုပ်အပေါင်း၊ နာမ် အပေါင်း၌တစ်နည်း–ရုပ်ခန္ဓာ နာမ်ခန္ဓာ၌ ထိုရုပ်အပေါင်း၊ နာမ်အပေါင်း တို့၏ အဖြစ်အပျက် သဘောတို့ကို မလွတ်သောသတိဖြင့် ဆင်ခြင် သုံးသပ် ပွားများကြပါလျှင် ရုပ်တို့၏ အပြစ်ဒေါသ၊ နာမ်တို့၏ အပြစ် ဒေါသတို့ကို မြင်ကြပေလိမ့်မည်။ အပြစ်ဒေါသတို့ကိုမြင်လျှင် ရုပ်နာမ် တို့ကို တစ်နည်း ရုပ်အပေါင်းဖြစ်သော ရူပက္ခန္ဓာ၊ နာမ်အပေါင်းဖြစ် သော နာမက္ခန္ဓာတို့ကို ကြောက်ရွံ့လာမည်။ စက်ဆုပ်ရွံရှာ မုန်းတီးလာ မည်။ ယင်းသို့ ရွံရှာစက်ဆုပ် မုန်းတီးလာသောအခါ ထိုရုပ်နာမ်အပေါင်း တို့မှ လွတ်မြောက်လိုသောဆန္ဒ ဖြစ်ပေါ်လာမည်။ လွတ်မြောက်လို သော စိတ်တွေ ဖြစ်ပေါ်လာမည်။

ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲတိရစ္ဆာန်တွေ ထူပြော သောင်းကျန်း သော တောကြီးအတွင်းသို့ မတော်တဆ ရောက်သွားသောသူသည် ထိုခြင်္သေ့၊ သစ်၊ ကျား၊ သားရဲတိရစ္ဆာန်တို့ဘေးမှ လွတ်မြောက်လို၊ ထွက်မြောက်လိုသကဲ့သို့ ယောဂီပုဂ္ဂိုလ်သည်လည်း ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲတိရစ္ဆာန်တို့ထက် ကြောက်ဖွယ်၊ လန့်ဖွယ်ကောင်းသော ရုပ်နာမ်ခန္ဓာတို့မှ ကျွတ်လွတ် ထွက်မြောက်လိုသောဆန္ဒ လွန်မင်းစွာ ဖြစ်ပေါ်လာတတ်ပေသည်။ လွတ်မြောက်လိုသောဆန္ဒနှင့်ယှဉ်သော ဉာဏ်စိတ်ဓာတ်ကို နေက္ခမ္မဓာသယဓာတ်ဟု ဆိုသည်။ ရုပ်အပေါင်း၊ နာမ်အပေါင်းတို့ကို အဘယ်ကြောင့် ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲ တိရစ္ဆာန်တို့ထက် ကြောက်ရွံ့ရပါသနည်းဟု မေးဖွယ်ရှိ၏။

အကယ်၍ ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲတိရစ္ဆာန်တို့ဘေးမှ မလွတ် မြောက်၍ အကိုက်အစား ခံရလျှင် ယခုတစ်ဘဝသာ နာခြင်းဒုက္ခ၊ သေခြင်းဒုက္ခကို ခံရမည်။ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို အဝိဇ္ဇာက ကာကွယ်ဖုံးအုပ်၍ ဆင်းရဲအမှန်ဖြစ်သော အဖြစ်ကို မမြင်ကြ မသိကြ

mgyoe.com

mgyoe.com



ရှိရာတွင် လူဖြစ်ချင်၊ နတ်ဖြစ်ချင်၊ သူဌေးသူကြွယ်ဖြစ်ချင်၊ မင်းစိုးရာဇာဖြစ်ချင်၊ လှသူပသူဖြစ်ချင် စသည်ဖြင့် လူ့အဖြစ်ကို တောင့်တ၊ နတ်အဖြစ်ကို တောင့်တသော တဏှာလောဘဖြင့် တောင့်တကြသောကြောင့် ထိုထို လူ့ဘဝ၊ ထိုထို နတ်ဘဝ၊ ထိုထို လူ့ခန္ဓာ၊ ထိုထို နတ်ခန္ဓာတို့ကို ရကြသည်ဖြစ်၍ အိုမဆုံး၊ နာမဆုံး၊ သေမဆုံးဖြစ်ကာ မရေမတွက်နိုင်သော သေဘေးတို့နှင့် ကြုံကြရမည်ဖြစ်သောကြောင့် ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲတိရစ္ဆာန်တို့၏ အကိုက်အစားကို ခံရခြင်းထက် ရုပ်နာမ်ခန္ဓာတို့ကို ရရှိခြင်းကို သာလွန်၍ ကြောက်ရွံ့ဖွယ်ကောင်းသည်ဟု ဆိုရသည်။

## အန္ဓပုထုဇဉ်နှင့် ကလျာဏပုထုဇဉ်

အမတဘုံနန်းသို့ တက်လှမ်းလိုသော ယောဂီတို့သည် ရုပ်အပေါင်း ရုပ်ခန္ဓာ၊ နာမ်အပေါင်း နာမ်ခန္ဓာတို့ကို အထိုက်အလျောက် အသင့်အတင့် သိရှိဖို့ လိုသည်။ သိရှိသင့်ကြသည်။ မြတ်စွာဘုရားသည် ပုထုဇဉ်နှစ်မျိုး ရှိသည်ဟု ဟောတော်မူခဲ့သည်။ အဘယ်နှစ်မျိုးဖြစ်သနည်းဟူမူ–

၁။ အန္ဓပုထုဇဉ်တစ်မျိုး

၂။ ကလျာဏပုထုဇဉ်တစ်မျိုး

ဤသို့ ပုထုဇဉ်နှစ်မျိုး ဟောတော်မူခဲ့သည်။ ထိုပုထုဇဉ်နှစ်မျိုးတို့တွင် အန္ဓပုထုဇဉ်သည် အဘယ်သို့ သဘောလက္ခဏာရှိသည်ကို ယခု ထုတ်ဆောင်ပြမည့်အတိုင်း အဋ္ဌကထာဆရာက အနက်အဓိပ္ပာယ်ဖွင့်ပြထားလေသည်။

အန္ဓပုထုဇဉ်သည်–

၁။ အထူးထူး အပြားပြားသော ကိလေသာတို့ကို ဖြစ်စေတတ်သောကြောင့် ပုထုဇဉ်မည်၏။

၂။ ဘုရားအမည်ခံ များစွာသော ဆရာတွေကို ဆည်းကပ်ကိုးကွယ်တတ်သောကြောင့် ပုထုဇဉ်မည်၏။

mgyoe.com

၃။ မပယ်အပ်သေးသော များစွာသော သက္ကာယဒိဋ္ဌိရှိသော ကြောင့် ပုထုဇဉ်မည်၏။

၄။ အပါယဂတိ၊ မနုဿဂတိစသော အလုံးစုံသော ဂတိတို့မှ မလွတ်မြောက်သောကြောင့်လည်း ပုထုဇဉ်မည်၏။

၅။ အထူးထူး အထွေထွေ လောကီကုသိုလ်၊ အကုသိုလ်တို့ကို ပြုလုပ်တတ်သောကြောင့်လည်း ပုထုဇဉ်မည်၏။

၆။ ကာမောဃစသော ဩဃလေးအင် ရေအလျဉ်တို့၌ မျောပါးနေတတ်သောကြောင့်လည်း ပုထုဇဉ်မည်၏။

၇။ အပူမျိုးစုံတို့သည် ပူလောင်အပ်သောကြောင့်လည်း ပုထုဇဉ်မည်၏။

၈။ ကာမဂုဏ်ငါးပါးတို့၌ ရာဂတည်းဟူသော ဆိုးရည်ဖြင့် ဆိုးအပ်သောကြောင့်လည်းကောင်း၊ ကာမဂုဏ်တို့ကို အလွန်အလိုရှိခြင်းကြောင့်လည်းကောင်း၊ ကာမဂုဏ်တို့မှ လွတ်မြောက်နိုင်ခဲစွာ တပ်မက်ခြင်းကြောင့်လည်းကောင်း၊ ကိလေသာ၏ အစွမ်းဖြင့် ပြင်းစွာ စွဲလမ်းခြင်းကြောင့်လည်းကောင်း၊ ကာမဂုဏ်တို့၌ ကိလေသာတို့ဖြင့် သက်ဝင်ကပ်ငြိခြင်း၊ ထွေးယှက်ခြင်းတို့ကြောင့်လည်းကောင်း ပုထုဇဉ်မည်၏။

၉။ နီဝရဏတရားတို့ဖြင့် ပိတ်ဆီးအပ်သောကြောင့်လည်း ပုထုဇဉ်မည်၏။

၁၀။ အရိယာတို့၏ တရားကို မျက်နှာလွှဲ၍ ယုတ်ညံ့သော ကိုယ်အကျင့်ရှိကုန်သော သူတို့၏အတွင်း စာရင်းဝင် ဖြစ်သောကြောင့်လည်း ပုထုဇဉ်မည်၏။

၁၁။ သီလ အစရှိသော ဖြူစင်သော ကိုယ်အကျင့်ရှိသော အရိယာတို့မှ အသီးအခြားဖြစ်သောကြောင့်လည်း ပုထုဇဉ်မည်၏။

mgyoe.com

mgyoe.com



စသည်တို့ဖြင့် အဋ္ဌကထာဆရာက ပုထုဇဉ်ပုဒ်၏အနက်ကို ဖွင့်ပြတော်မူသည်။

အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ် နှစ်မျိုးတို့တွင် ယခု အဋ္ဌကထာဆရာဖွင့်ပြသော ပုထုဇဉ်မှာ အန္ဓပုထုဇဉ်၏ အနက်အဓိပ္ပာယ်ဖြစ်သည်။ အကျဉ်းချုပ်အားဖြင့် ဆိုလိုရင်းမှာ ရုပ်အပေါင်း ရုပ်ခန္ဓာ၊ နာမ်အပေါင်း နာမ်ခန္ဓာတို့ကို ကွဲပြားစွာ မသိ၊ ရုပ်နာမ်တို့၏ အပြစ်ကို မရှုမမြင်သော ပုထုဇဉ်သည် **အန္ဓပုထုဇဉ်**ဖြစ်သည်ဟု ဆိုလိုသည်။ ရုပ်၊ နာမ် ခန္ဓာတို့ကို မမြင် မသိ၊ အပြစ်ကို မမြင်၊ အပြစ်ကို မရှု၊ ရုပ်နာမ်တို့ကို မကြောက်မရွံ့သော အန္ဓပုထုဇဉ်တို့မှ ပြန်လျှင် ရုပ်နာမ် ခန္ဓာတို့ကို သိမြင်သော၊ ရုပ်နာမ်ခန္ဓာတို့၏ အပြစ်ကို ရှုသော၊ ရုပ်နာမ်ခန္ဓာတို့ကို ရန်သူပမာ ကြောက်ရွံ့စက်ဆုပ်ရွံရှာသော ပုထုဇဉ်သည် **ကလျာဏပုထုဇဉ်**ဖြစ်သည်ဟု သိရှိကြရာ၏။

**ဆောင်ပုဒ်** ။ ။ ခန္ဓာဓာတု၊ အစုစု၊ မရှု ဉာဏ်နှင့်ယှဉ်။
အန္ဓမည်တွင်၊ ပုထုဇဉ်၊ သူလျှင် မှတ်စေချင်။
ခန္ဓာဓာတ်အာ၊ အဖြာဖြာ၊ ဆောင်ကာ ဉာဏ်နှင့်ယှဉ်။
ပုထုဇန၊ ကလျာဏ၊ မှတ်ကြ သူ့ကိုပင်။ ။

mgyoe.com

mgyoe.com

## ကလျာဏပုထုဇဉ်ဖြစ်ကြောင်း နာမရူပ ပရိစ္ဆေဒဉာဏ်

**ရူပက္ခန္ဓာ**

ယောဂီတို့သည် အန္ဓပုထုဇဉ်အဖြစ်မှ လွတ်၍ ကလျာဏပုထုဇဉ် ဖြစ်ကြစေရန် ရုပ်နာမ်ခန္ဓာတို့ကို အကျဉ်းနည်းဖြင့် အထိုက်အလျောက် နားလည်သိရှိကြအောင် ပြဆိုဦးအံ့။ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့တွင် ရုပ်အပေါင်း ရုပ်ခန္ဓာတို့ကို ပထမပြမည်ဖြစ်၍ ရုပ်၏သဘောကို ကြိုတင်သတိပြု၍ မှတ်ကြရမည်။ ရုပ်တို့၏သဘောသည် အအေး၊ အပူစသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ပူရာမှ အေး၊ အေးရာမှ ပူ၊ ခြောက်ရာမှ စို၊ စိုရာမှ ခြောက်ခြင်း အစရှိသည်ဖြင့် ဖောက်ပြန်ပျက်စီးခြင်းသဘော ရှိသည်ဟု သိကြပါလေ။

**အာရုံရုပ် ၇ ပါး**

ရုပ်တရားသည်–

၁။ မြင်ရုပ်

၂။ ကြားရုပ်

၃။ အနံ့ရုပ်

၄။ အရသာရုပ်

၅။ အတွေ့ရုပ်

mgyoe.com

mgyoe.com



ဟူ၍ ငါးမျိုးရှိ၏။ ထိုငါးမျိုးတို့တွင်–

၁။ စက္ခုဝိညာဏ်စိတ်ဖြင့် မြင်သိသမျှ ကောင်း ဆိုး မရွေး ရူပါရုံ ဟူသမျှသည် မြင်ရုပ်တို့ပေတည်း။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ အကြမ်း၊ အနု၊ အယုတ်၊ အမြတ်၊ အဝေး၊ အနီး–ဖြစ်သော ရူပါရုံတို့သည် ရုပ်အစု ရုပ်အပေါင်း ရူပက္ခန္ဓာဖြစ်၏။

၂။ သောတဝိညာဏ်စိတ်ဖြင့် ကြားသိသမျှ ကောင်းဆိုးမရွေး သဒ္ဒါရုံဟူသမျှသည် ကြားရုပ်တို့ပေတည်း။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသည်ဖြစ်သော သဒ္ဒါရုံတို့သည် ရုပ်အစု၊ ရုပ်အပေါင်း ရူပက္ခန္ဓာဖြစ်၏။

၃။ ဃာနဝိညာဏ်စိတ်ဖြင့် နံသိသမျှ ကောင်းဆိုးမရွေး ဂန္ဓာရုံဟူသမျှသည် အနံ့ရုပ်တို့ပေတည်း။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသည်ဖြစ်သော ဂန္ဓာရုံတို့သည် ရုပ်အစု ရုပ်အပေါင်း ရူပက္ခန္ဓာဖြစ်၏။

၄။ ဇိဝှာဝိညာဏ်စိတ်ဖြင့် လျက်သိသမျှ ကောင်းဆိုးမရွေး ရသာရုံဟူသမျှသည် အရသာရုပ်တို့ပေတည်း။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသည်ဖြစ်သော ရသာရုံတို့သည် ရုပ်အစု ရုပ်အပေါင်း ရူပက္ခန္ဓာဖြစ်၏။

၅။ ကာယဝိညာဏ်စိတ်ဖြင့် တွေ့သိအပ်သမျှ ကောင်းဆိုး မရွေး ဖောဋ္ဌဗ္ဗာရုံဟူသမျှသည် တွေ့ထိရုပ်တို့ပေတည်း။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသည်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံတို့သည် ရုပ်အစု ရုပ်အပေါင်း ရူပက္ခန္ဓာဖြစ်၏။

ဤသို့လျှင် အကျဉ်းအားဖြင့် ရုပ်အပေါင်း ရူပက္ခန္ဓာကို သိမှတ်ကြရမည်။ ရူပါရုံတစ်မျိုးတည်းသာလျှင် ရုပ်အပေါင်း ရူပက္ခန္ဓာမည်သည်မဟုတ်၊ ထို့အတူ သဒ္ဒါရုံတစ်မျိုးတည်းသာလျှင် ရုပ်အပေါင်း

mgyoe.com

ရူပကန္ဒမည်သည်မဟုတ်။ အာရုံငါးပါးအပေါင်းသည်လည်း ရူပကန္ဒာမည်သည်သာလျှင်တည်း။ ထို့အတူ ရုပ် ၄ ပါးအပေါင်း၊ ၃ ပါးအပေါင်း၊ ၂ ပါးအပေါင်းတို့သည်လည်း အသီး အသီး ရုပ်အစု ရုပ်အပေါင်း ရူပကန္ဒာအမည်ရှိကုန်၏ဟူ၍ မှတ်ကြကုန်။

ယောဂီတို့သည် ရူပါရုံစသော အာရုံရုပ်အပေါင်းတို့ကို သိရှိကြရပေပြီ။ ယင်း ရူပါရုံ အစရှိသော ရုပ် ၇ ပါးတို့ကို အာရုံရုပ်တို့ ဖြစ်သောကြောင့် ပါဠိဘာသာအားဖြင့် ဝိသယရုပ်ဟူ၍ အမည် ပေးသည်။ ရူပါရုံ စသည် ၅ ပါးဖြစ်ပါလျက် အဘယ့်ကြောင့် ၇ ပါး ဆိုပါသနည်း ဟူမူ- ပဋ္ဌမမြောက်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၌ ပထဝီ၊ ဝါယော၊ တေဇော ရုပ် ၃ ပါး ပါဝင်နေသောကြောင့် ဝိသယရုပ် ၇ ပါး ဆိုပေသည်။

## ပသာဒရုပ် ၅ ပါး

ကံကြောင့်ဖြစ်သော မဟာဘုတ်ရုပ်တို့ကို ကြည်လင်စေတတ်သော သဘောရှိသော ရုပ်တို့သည် ပသာဒရုပ်တို့ မည်ကုန်၏။ ထို ပသာဒရုပ်တို့သည်-

၁။ စက္ခု အကြည်ဓာတ်ဖြစ်သော စက္ခုပသာဒရုပ်

၂။ သောတ အကြည်ဓာတ်ဖြစ်သော သောတပသာဒရုပ်

၃။ ဃာန အကြည်ဓာတ်ဖြစ်သော ဃာနပသာဒရုပ်

၄။ ဇိဝှါ အကြည်ဓာတ်ဖြစ်သော ဇိဝှာပသာဒရုပ်

၅။ ကာယ အကြည်ဓာတ်ဖြစ်သော ကာယပသာဒရုပ်

အားဖြင့် ပသာဒရုပ် ၅ ပါးရှိကုန်၏။

## ဝတ္ထုရုပ် ၅ ပါး

ပသာဒရုပ် ၅ ပါးတို့ကိုပင် စက္ခုဝိညာဏ်စိတ် စသည်တို့၏ မှီရာဝတ္ထုဖြစ်သောကြောင့် ဝတ္ထုရုပ်ဟူ၍လည်း အမည်ပေးသည်။ ဝတ္ထု

mgyoe.com

mgyoe.com



ရုပ်ဖြစ်ပုံမှာ–

၁။ စက္ခုဝိညာဏ်စိတ်သည် စက္ခုပသာဒရုပ်ကို အမှီပြု၍ ရူပါရုံကို သိမြင်သောကြောင့် စက္ခုဝိညာဏ်စိတ်၏ မှီရာ စက္ခုဝတ္ထုရုပ်မည်သည်။

၂။ ထို့အတူ– သောတဝိညာဏ်စိတ်သည် သောတပသာဒ ရုပ်ကို အမှီပြု၍ သဒ္ဒါရုံကို ကြားသိသောကြောင့် သောတ ဝိညာဏ်စိတ်၏ မှီရာ သောတဝတ္ထုရုပ် မည်သည်။

၃။ ဃာနဝိညာဏ်စိတ်သည် ဃာနပသာဒရုပ်ကို အမှီပြု၍ ဂန္ဓာရုံအနံ့ကို သိသောကြောင့် ဃာနဝိညာဏ်စိတ်၏ မှီရာ ဃာနဝတ္ထုရုပ်မည်သည်။

၄။ ဇိဝှာဝိညာဏ်စိတ်သည် ဇိဝှာပသာဒရုပ်ကို အမှီပြု၍ ရသာရုံကို သိသောကြောင့် ဇိဝှာဝိညာဏ်စိတ်၏ မှီရာ ဇိဝှာဝတ္ထုရုပ်မည်သည်။

၅။ ကာယဝိညာဏ်စိတ်သည် ကာယပသာဒရုပ်ကို အမှီပြု ၍ ဖောဋ္ဌဗ္ဗာရုံကို သိသောကြောင့် ကာယဝိညာဏ်စိတ်၏ မှီရာ ကာယဝတ္ထုရုပ်မည်သည်။

ဤသို့လျှင် အကြည်ဓာတ်သဘောရှိသော ပသာဒရုပ်တို့သည် သက်ဆိုင်ရာ စိတ်တို့၏ မှီရာဝတ္ထုဖြစ်သောကြောင့် ဝတ္ထုရုပ်ဟူသော အမည်ကို ရကြကုန်သည်။

ထုတ်ဆောင်ပြဆိုအပ်သော ဝိသယရုပ် ၇ ပါး၊ ပသာဒရုပ်၊ တစ်နည်း ဝတ္ထုရုပ် ၅ ပါး။ ပေါင်း ၁၂ ပါးသော ရုပ်တို့ကို ကြမ်းသော သဘော စသည်ရှိသောကြောင့် ဩဠာရိကရုပ်၊ သန္တိကေရုပ်၊ သပ္ပဋိဃ ရုပ်တို့ဟူ၍ အမည်ပေးလေသည်။

mgyoe.com

mgyoe.com


၁။ အာပေါရုပ် ... ... ၁
၂။ ဣတ္ထိန္ဒြေ
၃။ ပုရိသိန္ဒြေ
(ဘာဝရုပ် ၂)
၄။ ဟဒယရုပ် ... ... ၁
၅။ ဇီဝိတရုပ် ... ... ၁
၆။ အာဟာရရုပ် ... ... ၁

ဩဠာရိကရုပ် ၁၂ ပါးနှင့် အာဟာရရုပ်အထိ ရုပ် ၆ ပါးကို ပေါင်းကာ ၁၈ ပါးသော ရုပ်တို့ကို သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ဖန္နရုပ်၊ ရူပရုပ်၊ သမ္မသနရုပ်ဟူ၍ အမည်ပေးသည်။

၇။ ပရိစ္ဆေဒရုပ် ... ... ၁
၈။ ကာယဝိညတ်ရုပ် ... ၁
၉။ ဝစီဝိညတ်ရုပ် ... ၁
(ဝိညတ်ရုပ်–၂)
၁၀။ ရူပဿလဟုတာရုပ် ... ၁
၁၁။ ရူပဿမုဒုတာရုပ် ... ၁
၁၂။ ရူပဿ ကမ္မညတာရုပ် ၁

ဤရုပ် ၅ ပါးကို ဝိကာရရုပ်ဟူ၍ အမည်ပေးသည်။

၁၃။ ရူပဿ ဥပစယရုပ် ... ၁
၁၄။ ရူပဿ သန္တတိရုပ် ... ၁
၁၅။ ရူပဿ ဇရတာရုပ် ... ၁
၁၆။ ရူပဿ အနိစ္စတာရုပ် ၁

ဤရုပ် ၄ ပါးကို လက္ခဏရုပ်ဟူ၍ အမည်ပေးသည်။

အမှတ် ၇ ပရိစ္ဆေဒရုပ်မှစ၍ အမှတ် ၁၆ အနိစ္စတာရုပ်တိုင်အောင် ၁၀ ပါးသော ရုပ်တို့ကို အနိပ္ဖန္နရုပ် စသည်တို့ဟူ၍ အမည်ပေးသည်။ ဤသို့အားဖြင့် နိပ္ဖန္နရုပ် ၁၈၊ အနိပ္ဖန္နရုပ် ၁၀၊ ပေါင်း ၂၈ ပါး ပြည့်စုံလေပြီ။

ရူပါရုံ စသည်တို့ကို ရူပက္ခန္ဓာ ဖွဲ့ရသကဲ့သို့ ယခုပြဆိုအပ်ပြီးသော ရုပ်တို့ကိုလည်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသော အပေါင်းအားဖြင့် ရူပက္ခန္ဓာ ဖွဲ့ရသည်။ ရုပ်တစ်ပါးတည်းသာ ဖြစ်သော်လည်း

mgyoe.com

mgyoe.com


အတိတ်၊ အနာဂတ် စသည် ရုပ်များ အပေါင်းဖြစ်သောကြောင့် ရူပက္ခန္ဓာဖွဲ့ရသည်ဟု မှတ်ပါ။ အသင် ယောဂီတို့သည် ယခုအချိန်၌ ရူပက္ခန္ဓာနှင့်စပ်၍ အထိုက်အလျောက် သိရှိကြရပေပြီ။

**ဆောင်ပုဒ်** ။ ။ တစ်ဆဲ့ရှစ်မျှ၊ နိပ္ဖန္န၊ မှတ်ကြ ရူပက္ခန်။
အနိပ္ဖန္န၊ တစ်ဆယ်မျှ၊ မှတ်ကြ ရူပက္ခန်။
၂၈ ပါး၊ ပေါင်းတုံပြား၊ မှတ်သား ရူပက္ခန်။
ရုပ်ဟူသမျှ၊ ဖွဲ့ကုန်ကြ၊ မှတ်ပ ရူပက္ခန်။
**ရူပက္ခန္ဓာ ပြီး၏။**

*

ဝေဒနက္ခန္ဓာ

ဝေဒနက္ခန္ဓာကို ပြပေအံ့။ ။ ယောဂီ၏ရှေ့၌ ပေါ်ပေါက်လာသမျှ ကောင်း မကောင်းသော အာရုံကို စက္ခုဝိညာဏ်စိတ်ဖြင့် ကြည့်ရှုကာ ထိုအာရုံ၏ အရသာကို ခံစားခြင်းသည် ဝေဒနာ၏သဘောတည်း။ အာရုံဟူသမျှတို့၏ အရသာကို ဝေဒနာကသာလျှင် ခံစားသည်။ ဥပမာ– ဇာတ်ပွဲကြည့်သောအခါ ဇာတ်ကောင်ဖြစ်သော မင်းသား၊ မင်းသမီး စသည်တို့သည် ရူပါရုံဖြစ်ကုန်၏။ လှပတင့်တယ်သော ရူပါရုံဖြစ်လျှင် နှစ်သက်ဝမ်းမြောက်စွာဖြင့် အကုသိုလ်စိတ်နှင့်ယှဉ်သော သောမနဿဝေဒနာဖြစ်၏။ ထိုသောမနဿ အကုသိုလ်ဝေဒနာက လှပတင့်တယ်သော ရူပါရုံ၏ အရသာကို ခံစား၏။ ဇာတ်ကောင်က သူခိုး၊ ဓားပြ၊ ဘီလူး စသည်ဖြစ်၍ ဖမ်းယူနှိပ်စက်သော ရူပါရုံဖြစ်လျှင် အကုသိုလ်နှင့်ယှဉ်သော ဒေါမနဿ ဝေဒနာက အာရုံ၏အရသာကို ခံစား၏။ ဘုရား စသော ရတနာသုံးပါးဂုဏ်ကို ကြည်ညိုမြတ်နိုးသောသူ၌ ရွှေတိဂုံစေတီတော်၊ မဟာမြတ်မုနိ ရုပ်ပွားတော်တို့ကဲ့သို့သော စေတီတော်၊ ရုပ်ပွားတော်တို့ကို ဖူးမြော်ရ

mgyoe.com

mgyoe.com


သောအခါ ကုသိုလ်စိတ်နှင့် ယှဉ်သော သောမနဿဝေဒနာ ဖြစ်၏။ ထိုသောမနဿဝေဒနာက အာရုံ၏အရသာကို ခံစား၏။ ဤသို့လျှင် ဝေဒနာသည် ဖြစ်ပေါ်လာသမျှ ရူပါရုံ အစရှိသော အာရုံ၏အရသာကို ခံစားခြင်းသဘောရှိ၏။

ပေါ်ပေါက်လာသမျှသော သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌လည်း ရူပါရုံ၌ကဲ့သို့ပင် အာရုံကောင်း၊ မကောင်းကို ခွဲခြား၍ အာရုံကောင်းလျှင် သုခ၊ သောမနဿဝေဒနာ ဖြစ်မည်။ အာရုံမကောင်းလျှင် ဒုက္ခ၊ ဒေါမနဿ ဝေဒနာဖြစ်မည်၊ အာရုံမထင်ရှားလျှင်၊ သို့မဟုတ်– သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ ဝေဒနာ တစ်ပါးပါး မဖြစ်လျှင် ဥပေက္ခာဝေဒနာဖြစ်မည်။ ဤသို့လျှင် ဝေဒနာသည် အာရုံ၏ အရသာကို ခံစားသော အနုဘဝနလက္ခဏာအားဖြင့်–

၁။ သုခဝေဒနာ

၂။ ဒုက္ခဝေဒနာ

၃။ ဥပေက္ခာဝေဒနာ

ဟူ၍ သုံးပါးရှိသည်။ ဣန္ဒြိယဒေသနာဘေဒအားဖြင့်–

၁။ သုခဝေဒနာ

၂။ သောမနဿဝေဒနာ

၃။ ဒုက္ခဝေဒနာ

၄။ ဒေါမနဿဝေဒနာ

၅။ ဥပေက္ခာဝေဒနာ

ဟူ၍ ၅ ပါးရှိသည်။

ဤဝေဒနာသည်လည်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသော ဝေဒနာအပေါင်းသည် ဝေဒနက္ခန္ဓာမည်၏။ သုခဝေဒနာသည်လည်း ဝေဒနာက္ခန္ဓာမည်၏။ ဒုက္ခဝေဒနာသည်လည်း ဝေဒနာက္ခန္ဓာမည်၏။ သောမနဿဝေဒနာသည်လည်း ဝေဒနာက္ခန္ဓာ မည်၏။ ဒေါမနဿ ဝေဒနာသည်လည်း ဝေဒနာက္ခန္ဓာမည်၏။ ဥပေက္ခာဝေဒနာသည်လည်း

mgyoe.com

mgyoe.com



ဝေဒနာက္ခန္ဓာမည်၏ဟူ၍မှတ်ပါ။ ဝေဒနာချင်းကား ရောယှက်ခြင်း မရှိကြ။ သုခဝေဒနာဖြစ်လျှင် ဒုက္ခဝေဒနာမဖြစ်၊ ဒုက္ခဝေဒနာဖြစ်လျှင်လည်း သုခဝေဒနာမဖြစ်၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဝေဒနာတို့သည်လည်း ထိုနည်းတူပင် ရောယှက်ခြင်းမရှိကြကုန်။ ဤမျှသောစကားဖြင့် ယောဂီတို့သည် ဝေဒနာက္ခန္ဓာကို သိရှိကြရလေပြီ။

**ဝေဒနာက္ခန္ဓာ ပြီး၏။**

*

### သညာက္ခန္ဓာ

သညာက္ခန္ဓာကို ပြပေအံ့။ ။ အနီ၊ အဝါ၊ အစိမ်း စသည်ဖြင့် အာရုံကို အမှတ်ပြု၍ သိတတ်သော သဘောလက္ခဏာရှိသော တရားသည် သညာမည်၏။ ဤသညာသည်လည်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်စသော သညာအပေါင်းသည် သညာက္ခန္ဓာမည်၏။ သညာသည်ကား ဘေဒအားဖြင့် ဘယ်နှပါးရှိသည်ဟု အထူးတလည် မရှိပေ။ သို့သော်လည်း အနီဟူ၍ မှတ်သောသညာ၊ အဝါဟူ၍ မှတ်သောသညာ၊ ခွေးဟူ၍ မှတ်သောသညာ၊ ကြောင်ဟူ၍ မှတ်သောသညာ အစရှိသည်ဖြင့် ဆိုရမူကား ရာထောင်သိန်းသန်းမက အရေအတွက်သင်္ချာ လွန်အောင်များပြားလှစွာသော သညာတွေ ဖြစ်နိုင်သည်ကို သတိပြုကြရမည်။ ဤမျှဖြင့် သညာက္ခန္ဓာကို သိရှိကြရပေပြီ။

**သညာက္ခန္ဓာ ပြီး၏။**

*

### သင်္ခါရက္ခန္ဓာ

သင်္ခါရက္ခန္ဓာကို ပြပေအံ့။ ။ သင်္ခါရက္ခန္ဓာ၏ သရုပ်အရေအတွက်ကား ၅၀ ရှိ၏။ စေတသိက် ၅၂ ပါးတို့တွင် ဝေဒနာကို ဝေဒနာက္ခန္ဓာဟူ၍ ဟောတော်မူသည်။ သညာကို သညာက္ခန္ဓာဟူ၍

mgyoe.com

ဟောတော်မူသည်။ ကျန်သော စေတသိက် ၅၀ ကိုကား သင်္ခါရက္ခန္ဓာ ဟူ၍ ဟောတော်မူသည်။

သင်္ခါရက္ခန္ဓာ ဖွဲ့ထိုက်သော ဝါ– သင်္ခါရက္ခန္ဓာဖြစ်သော စေတသိက်တို့သည်ကား–

| | | |
|---|---|---|
| ၁။ | သဗ္ဗစိတ္တသာဓာရဏ စေတသိက် (ဝေဒနာ၊ သညာကြဉ်) | ၅ ပါး |
| ၂။ | ပကိဏ်းစေတသိက် | ၆ ပါး |
| | ----- | ----- |
| | ပေါင်း အညသမာနစေတသိက် | ၁၁ ပါးဖြစ်၏။ |
| | အကုသိုလ်စေတသိက် | ၁၄ |
| | သောဘဏသာဓာရဏစေတသိက် | ၁၉ |
| | ဝိရတီစေတသိက် | ၃ |
| | အပ္ပမညာစေတသိက် | ၂ |
| | ပညိန္ဒြေစေတသိက် | ၁ |
| | ----- | ----- |
| | ပေါင်း | ၅၀ ဖြစ်၏။ |

ဤစေတသိက် ၅၀ ကို သင်္ခါရက္ခန္ဓာဖြစ်သည်ဟု အကျဉ်းအားဖြင့် မှတ်ပါ။

အကျယ်ပြပေအံ့။ ။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ထဲမှ–

၁။ ဖဿ။ ။ ဖဿစေတသိက်သည် အာရုံ၌ နာမ်သဘောဖြင့် တွေ့ထိခြင်းလက္ခဏာရှိ၏။ တစ်နည်း– မိမိနှင့်အတူတကွဖြစ်ကုန်သော စိတ်၊ စေတသိက်တရားတို့သည် ဖဿဖြင့် အာရုံကို တွေ့ထိကြကုန်၏။ တွေ့ထိသည်ဟူသည်မှာ ဣဋ္ဌာရုံကိုဖြစ်စေ၊ အနိဋ္ဌာရုံကိုဖြစ်စေ ယူခြင်းပင်တည်း။ ဖဿဟူသော အာရုံကို

mgyoe.com

mgyoe.com



ဝေဒနာက ခံစားခြင်းဖြစ်၏။ ရုပ်အချင်းချင်း ထိခိုက်သကဲ့သို့ကား မဟုတ်။ ထိခိုက်သော အခြင်းအရာအားဖြင့် ဖြစ်သည်ကိုပင် တွေ့ထိသည်ဟူ၍ ဆိုသည်။

၂။ စေတနာ။ ။ စေတနာ စေတသိက်သည် မိမိနှင့်အတူတကွ ဖြစ်ကုန်သော စိတ်၊ စေတသိက်တို့ကို မပြတ်မပြတ် နှိုးဆော်အားပေး တိုက်တွန်းခြင်းသဘောရှိ၏။ ဗိုလ်မှူးနှင့်တူသည်ဟု ဥပမာပြုကြသည်။

၃။ ဧကဂ္ဂတာ။ ။ ဧကဂ္ဂတာ စေတသိက်သည် မိမိနှင့်တကွဖြစ်သော စိတ်တရားကို တစ်ခုတည်းသော အာရုံ၊ တစ်ခုတည်းသော သဘောတရား၌ တစ်ခဏမျှပင်ဖြစ်စေ အာရုံပြုစေတတ်သော သဘောရှိ၏။ ဧကဂ္ဂတာစေတသိက်ကြောင့် စိတ်သည် လေငြိမ်ရာ၌ ထွန်းထားအပ်သော ဆီမီးကဲ့သို့ တည်ငြိမ်ခြင်းဖြစ်သည်ဟု ဆိုသည်။

၄။ ဇီဝိတ။ ။ ဇီဝိတစေတသိက်သည် မိမိနှင့်အတူတကွဖြစ်သော နာမ်တရားတို့၏ အသက်ဖြစ်၏။ သမ္ပယုတ်ဖြစ်သော နာမ်တရားတို့၏ တည်ရှိခြင်း၌ အစိုးရခြင်းသဘောရှိ၏။

၅။ မနသိကာရ။ ။ မနသိကာရ စေတသိက်သည် စိတ်၌ အာရုံ မဆိတ်စေဘဲ အာရုံ၌ စိတ်ကို အမြဲညွှတ်စေခြင်းသဘောရှိ၏။

ဝေဒနာစေတသိက်၊ သညာစေတသိက်တို့နှင့်တကွ ဤ စေတသိက် ၇ ပါးတို့သည် သဗ္ဗစိတ္တသာဓာရဏအမည်ရှိလေသည်။ စိတ်တိုင်းနှင့်ယှဉ်သော စေတသိက်တို့ဖြစ်သည်ဟု ဆိုလိုသည်။

## ပကိဏ်းစေတသိက် ၆ ပါး

၁။ ဝိတက္က။ ။ ဝိတက်စေတသိက်သည် မိမိနှင့်အတူတကွ ဖြစ်သော သမ္ပယုတ်တရားတို့ကို အာရုံသို့ ပို့ဆောင်ခြင်းသဘောလက္ခဏာရှိ၏။

mgyoe.com